# Düngdüng kaham ca-uk si

## သားသားအတွက် စာအုပ်တွေ





# Düngdüng tuk hüm hia

သားသား သိချင်တယ်။



# Düngdüng ria ky

သားသား ထိတယ်။



Düngdüng jau ky

သားသား ကြည့်တယ်။



Düngdüng keing ky

သားသား နားထောင်တယ်။




Düngdüng lakhülklom phi

သားသား ပျော်တယ်။



# Düngdüng tuk keing ky

သားသား နားလည်တယ်။





# Düngdüng tuk ky

သားသား သိတယ်။



# Düngdüng khreik phi

သားသား ချစ်တယ်။



# Düngdüng phrai ky

သားသား ဖတ်တယ်။



Düngdüng tuk ep hüm hia

သားသား ပိုသိချင်တယ်။



# Kryoi mih tun si hai kaham klyjxk

Cami ca-uk cü kheu mihly haimih ngaula tarei hai raca si kaham, raca hai kanu kapa si hak katai kahnau si hly tüm raca si hüm kryoi mih tun si hai kaham patüpjok haimih na. Peiüng mih tu hai raca si cü jau pung mih, keing hrangta mih, ca-uk si hly kalet mih hiava mina. Peiüng mih tu hai raca si cü alphatbet si, calung si, pong hnuk miva si riujok hümmih aly noky hin. Kariu ca hümmih cak hak ra-ui pü asang tang novei hin mih ngaula hak rukla tarei hai raca si hüm phraijok ca kheikan kacü pxr kjawng mikha kapü kung mikha hmatva hai hringveik dük kapü rai mira kakrum thai mina. Raca si hai kaham aly hia kük mih cü miva hly kaklai kakhreik vei hümmih aly ky kük mina. Peikhü kaklai kakhreik mira vei thai hümmih kaham cü raca hly vei tüm mihning pet tyty hüm hia mina. Ca-uk ko hai ki thai mih, tuk thai miva si hüm raca hmatva mah tuk kako kadawn pythai hümmih kaham cawt tiajok hüm kla. Ca-uk ko hai ki miva si hüm tuk pythai par mih jokjok hra hüm kla. Hrangta si hüm pü hmatva mah tuk kako kadawn mihly khüm txr thai par mih jokjok hra hüm kla. Ca-uk si hüm raca hmatva mah hlxngjau mikha nokang mimah jokjok hüm kla. Raca hmat hai ra-ui ko vei mitho py mih, txr mih, vei miva si hüm ra-ui kavüngjok mitho veijok hüm kla.

Peikhü raca si hly vei tüm mih cü miva pxr kjawng mihning kha kacü tuk sang miva si hüm tuk ty üp miluk kariu ca mikha tuk ca phrak hümmih somjok thai mina.

"Düngdüng kaham ca-uk si" cü arung ngau amjx bür hüm tong khü kako kadawn hly haimih luk man mih lakhülklom mira hüm txngjok haimih na. Raca si cü keing hrangta mih, ca-uk si hly vei tüm mih hüm ra-ui kavüngva mina. Raca si phrai ca hüm hiava hümmih kaham, ra-ui kadawn har si hly tuk kako kadawn hly thai hümmih kaham, bawn prei hai hlongsai si hüm tuk hüm hia mih ra-ui vei hly thai hümmih kaham cü ca si hüm phrai mih cü hnai kük mih m'hma hlük na.

Raca si hüm phrai ca mihly riujok hrangta mih cü:

- Raca si hüm klykui si tuk keing hly hümmih hak ra-ui kajok mihly hak keing hümmih somjok mina.
- Phrai ca hümmih hiara khü ca-uk si hüm tuk ty tamu hümmih na.
- Kung pxr kjawng mikha ca si khüm tuk kei hly hümmih kaham somjok mina.
- Bawn prei hring mikha aly ky miva si hüm pü raca si tuk hly hümmih kaham somjok mina.

Ca-uk si cü roi novei mikha kapü py nang roi mina. Va pü üng hmatva tho hrak-nga mih, lakhülklom mih, ra-ui xp peimih, katür mih vei ra peimih hüm raca si kham phrai ca mihly tukjok mina. Imi jua hak jua kaüng miva si, nokaüng miva si hüm kapü phrai ca mihly raca si hüm tuk hly hümmih somjok thai mina.

Ihmat hai raca pikpoi lingthu hümmih, lakhülklom hümmih, tuk kako kadawn hümmih, ihmat mah ka-üp mira vei thai hümmih kxp kimko si somjok thai mina. Cami ca hüm phrai mih ün kapü ün hmat hai raca hüm ra-ui kavüng hly mih amjx hlük nonai pyjok hüm ky mx peimih üp mina. Cami ca-uk lei cü ün hak ün hai raca tarei kxrni hring vek lakhülklom hly hümmih tuk kako kadawn hly hümmih kaham som ün lxm hüm.

# ပြုစုစောင့်ရှောက်သူများအတွက် အမှာစာ

သည်စာအုပ်လေးဟာ မွေးစမှ ၅ နှစ်အရွယ် မြန်မာကလေးငယ်တွေအတွက်၊ ကလေးတွေရဲ့ မိဘမောင်ဖွား ဆွေမျိုးသားချင်းများနဲ့တကွ ကလေးတွေကို ပြုစုစောင့်ရှောက်သူတွေ (ထိန်းကျောင်း နေသူတွေ) အတွက် ရည်ရွယ်ပါတယ်။ သည်အရွယ်ကလေးတွေဟာ ရုပ်ပုံတွေကြည့်ရတာ၊ ပုံနားထောင်ရတာ၊ စာအုပ်တွေနဲ့ဆော့ရတာတွေကို နှစ်သက်ကြပါတယ်။ သည်အရွယ်လေးတွေအတွက် အက္ခရာတွေ၊ စကားလုံးတွေ၊ သင်္ချာကိန်းဂဏန်းတွေကို သင်ဖို့ မှတ်ဖို့ မလိုအပ်လှသေးပါဘူး။ စာသင်ဖို့ ကိုယ်ရောစိတ်ပါ သိပ်အဆင်သင့်မဖြစ်သေးတဲ့ ၅ နှစ်၊ ၆ နှစ်လောက် ကလေးတွေကို စာအတင်းဖတ်ခိုင်းမိခဲ့မယ်ဆိုရင် ကျောင်းနေတဲ့အရွယ်မှာရော နောက်ပိုင်းဘဝတစ်လျှောက်လုံးမှာပါ အခက်တွေ့ရနိုင်ပါတယ်။ ကလေးတွေအတွက် အလိုအပ်ဆုံးက သူနဲ့ကိုယ့်ကြားမှာ နွေးနွေးထွေးထွေး ချစ်ခင်ရင်းနှီးမှုသာ ဖြစ်ပါတယ်။ အဲသလို နွေးထွေးတဲ့ ချစ်ခင်ရင်းနှီးမှုကို ရယူနိုင်ဖို့အတွက် ကလေးနဲ့အတူနေတဲ့အချိန်လေး ပုံမှန်ထားပေးဖို့လိုပါတယ်။ စာအုပ်တွေထဲမှာ မြင်ရနိုင်တာ၊ ကြားရနိုင်တာလေးတွေကို ကလေးတွေဘာသာ စူးစမ်းရှာဖွေ မှတ်သားတတ်လာအောင် ဘေးကနေ မသိမသာလေး သိုင်းဝိုင်းပေးရပါမယ်။ စာအုပ်တွေထဲမှာ တွေ့ရမြင်ရတဲ့ အမူအရာတွေကို အတူခိုးပြီး လိုက်လုပ်နိုင်အောင် အားပေးရပါမယ်။ ပုံပြင်လေးတွေကို သူတို့စိတ်ကူးလေးတွေနဲ့ သူတို့ဘာသာ ဖန်တီးပြီး ပြောဖြစ်လာအောင် အားပေးရ၊ တိုက်တွန်းရပါမယ်။ စာအုပ်တွေကို ကလေးတွေကိုယ်တိုင် စူးစမ်းကြည့်ရှုတဲ့အခါ မဟန့်တားဘဲ ခွင့်ပေးရပါမယ်။ ကလေးက သူ့စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတာဆိုတာ၊ နေတာထိုင်တာတွေကို သဘောကျတဲ့ပုံပန်း၊ ကျေနပ်တဲ့ပုံပန်းကို ပြပေးကြရပါမယ်။

ခုလို ကလေးငယ်တွေနဲ့ အပြန်အလှန်ပြောဆို ဆက်ဆံရာကတစ်ဆင့် သူတို့တွေ ကျောင်းနေတဲ့အရွယ်ကို ရောက်လာတဲ့အခါ အဆင်သင့်ဖြစ်နေစေမဲ့ အခြေခံသဘောထားတွေကို သိနားလည်လာပြီး စာအတတ်မြန်ဖို့လည်း အထောက်အကူဖြစ်လာပါလိမ့်မယ်။

"သားသားအတွက် စာအုပ်တွေ" က အာရုံငါးပါးစလုံးကို အသုံးချပြီး စာအုပ်တွေကို စူးစမ်းလေ့လာရာက ရရှိလာတဲ့ ကြည်နူးပျော်ရွှင်မှုကို ဖော်ကျူးထားပါတယ်။ ကလေးသူငယ်တွေဟာ ပုံပြင်နားထောင်ရတာ စာအုပ်တွေနဲ့ နေရတာတွေကို သဘောကျတတ်ကြပါတယ်။ ကလေးသူငယ်လေးတွေအတွက် စာဖတ်ချင်စိတ်ရှိလာစေဖို့၊ စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးတီထွင်နိုင်စွမ်းတွေ တိုးပွားလာစေဖို့နဲ့ ပတ်ဝန်းကျင် ကမ္ဘာလောကကြီးအကြောင်း သိနားလည်လာချင်စိတ်ကို လှုံ့ဆော်နှိုးဆွပေးနိုင်ဖို့ စာအုပ်တွေကို ဖတ်ရှုခြင်းဟာ အကောင်းဆုံး နည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။

ကလေးသူငယ်တွေကို စာအုပ်ဖတ်ပြ ပုံပြောပြတာတွေဟာ -

- ကလေးတွေရဲ့ ဘာသာစကား၊ နားထောင်တတ်ခြင်းနှင့် အာရုံစူးစိုက်ခြင်းတို့ကို ပိုမိုတိုးတက်ကောင်းမွန်လာစေပါတယ်။
- စာဖတ်ခြင်းကို နှစ်သက်မြတ်နိုးလာပြီး စာအုပ်တွေကို တန်ဖိုးထားတတ်လာစေပါတယ်။
- နောက်ပိုင်းကျောင်းနေသည့်အခါ စာလိုက်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးတွေကို တိုးတက်လာစေပါတယ်။
- လူ့ဘောင်အတွင်းက အရေးကြီးတဲ့အရာတွေကို ကလေးများ သိရှိနားလည်လာကြစေဖို့လည်း ကူညီပံ့ပိုးပေးပါတယ်။

စာအုပ်တွေဟာ အထီးကျန်ခံစားရမှုတွေကိုလည်း လျော့ပါးသွားစေနိုင်ပါသေးတယ်။ တခြားလူတွေမှာလည်း သူတို့လေးတွေလိုပဲ ဝမ်းနည်းမှု၊ စိတ်ချမ်းသာမှု၊ ထိတ်လန့်မှုနဲ့ ပျော်ရွှင်မှုတွေ ရှိနေကြတာပဲဆိုတာ ကလေးတွေ နားလည်သဘောပေါက်လာအောင် စာအုပ်တွေက လုပ်ဆောင်ပေးနိုင်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် တချို့နေရာတွေမှာတူညီကြပြီး တချို့နေရာတွေမှာ ကွဲပြားနေတတ်တာကိုလည်း ကလေးတွေ နားလည်သဘောပေါက်လာအောင် စာအုပ်တွေက ကူညီပေးပြန်ပါတယ်။

ကိုယ့်ကလေးကျန်းမာသန်စွမ်းအောင်၊ ပျော်ရွှင်အောင်၊ စူးစမ်းလေ့လာတတ်အောင်၊ သူ့ကိုယ်သူ ယုံကြည်မှုရှိလာအောင် မိသားစုဝင်တိုင်း စွမ်းဆောင်နိုင်ပါတယ်။ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်ကလေးအတွက် အားရကြည်နူးစရာတစ်ခုမက လုပ်ပေးခဲ့ပြီးဖြစ်မှာ သေချာပါတယ်။ ဒီစာအုပ်လေးဟာ သင်နဲ့ သင့်ကလေးရဲ့ နေ့စဉ်ဘဝမှာ ကျန်းမာပျော်ရွှင်မှု၊ စူးစမ်းလေ့လာ ဖန်တီးတတ်မှုများအတွက် အထောက်အကူများစွာ ပေးပါလိမ့်မယ်။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို မြန်မာကလေးများနှင့်
သူတို့၏မိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန်
ယူနီဆက်က ထုတ်လုပ်ဖန်တီးခဲ့ပါသည်။

ဤစာအုပ်ကို
ရေးသား၍ သရုပ်ဖော်ရေးဆွဲသူ ဦးဝင်းနိုင် (အော်ပီကျယ်) နှင့်
တန်ဖိုးမဖြတ်နိုင်သော စိတ်ကူးများဖြင့် လမ်းညွှန်ကူညီမှုပေးသော
ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် မီဒီယာအသုံးပြု မိဘပညာပေးအစီအစဉ်
အတိုင်ပင်ခံပုဂ္ဂိုလ် Ms. Barbara Kolucki တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့ပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
တန်ဖိုးမဖြတ်နိုင်သော အကြံဉာဏ်များဖြင့် ကူညီပံ့ပိုးခဲ့ကြသော မိတ်ဆွေများအား
အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

unicef

ယူနီဆက်မြန်မာ၊ ၂၃ အေ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားရပ်ကွက်-၂၊ ဗဟန်းမြို့နယ်၊ ရန်ကုန်
ရုံးဖုန်း  +95 1 2305960 to 69

အခမဲ့ ဖြန့်ဝေသည်။

ဤစာအုပ်ကို ထပ်မံရိုက်နှိပ်လိုပါက ယူနီဆက်၏ ခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်ပါရန်။